**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန**

**ပြည်တွင်းအခွန်များဦးစီးဌာန**

**အခွန်ပြန်အမ်းငွေဆိုင်ရာ အသိပေးကြေညာချက်**

၁။ ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ဥပဒေနှင့်အညီ အခွန်စည်းကြပ်မှုများဆောင်ရွက်ရာတွင် မှန်ကန်တိကျပြီး၊ မျှတသော အခွန်စည်းကြပ်မှုဖြစ်စေရေးတို့အတွက် အလေးထားဆောင်ရွက်လျက်ရှိရာ ၂၀၁၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၃၈၉ နှင့်အညီ အခွန်တာဝန်ကျေပွန်စွာ ထမ်းဆောင်နေကြသော အခွန်ထမ်းပြည်သူများ၏ အခွင့်အရေးနှင့်ရပိုင်ခွင့်များ ဆုံးရှုံးမှုမရှိစေရေးအတွက် အထူးအလေးပေး စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

၂။ အခွန်ထမ်းတစ်ဦးသည် နှစ်တစ်နှစ်အတွက် သတ်မှတ်ထားသည့်ကာလများ၌ ပေးဆောင်ရန်တာဝန်ရှိသည့် အခွန်အကောက်များကို ပေးသွင်းရန်တာဝန်ရှိသကဲ့သို့ ယင်းပေးဆောင်ထားသည့် အခွန်မှ ပြန်အမ်းငွေပေါ်ပေါက်ပါက ဥပဒေနှင့်အညီ ပြန်အမ်းငွေထုတ်ပေးရန် လျှောက်ထားတောင်းခံပိုင်ခွင့်ရှိပါသည်။ အခွန်ထမ်းပြည်သူများအနေဖြင့် မိမိတို့၏အခွင့်အရေးကို ပြည့်ဝစွာ သိရှိခံစားနိုင်ရေးအတွက် ပြန်အမ်းငွေရပိုင်ခွင့်၊ ပြန်အမ်းငွေထုတ်ပေးခြင်းတို့နှင့်စပ်လျဉ်းသည့် လက်ကမ်းစာစောင်များ ပြုစုဖြန့်ဝေခြင်းနည်းလမ်းဖြင့် အခွန်ပညာပေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည့်အပြင် အခွန်ထမ်းပြည်သူများနစ်နာမှုမရှိစေရန် အစဉ်တစိုက်ကြိုးပမ်း ဆောင်ရွက်ပေးလျက်ရှိပါသည်။

၃။ သို့ပါ၍ အခွန်ထမ်းပြည်သူများအနေဖြင့် အခွန်ကြေညာလွှာတင်သွင်း၍ စည်းကြပ်မှုခံယူပြီးနောက် ပေးဆောင်ထားသည့် အခွန်ပမာဏသည် စည်းကြပ်ထိုက်သည့်ပမာဏ သို့မဟုတ် ပေးဆောင်ရန်တာဝန်ရှိသည့် အခွန်ပမာဏထက် ကျော်လွန်ပါက အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှုဥပဒေပုဒ်မ ၄၃ နှင့်အညီ ပြန်လည်တောင်းခံပိုင်ခွင့်ရှိပါသည်။ အဆိုပါ အခွန်ပြန်အမ်းငွေကို မှန်ကန်မြန်ဆန်စွာ ပြန်လည်ရရှိနိုင်ရေး ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် အလေးထားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ပြည်တွင်းအခွန်များဦးစီးဌာန**